**မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်နှင့်စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဆက်ဆံရေးများ တိုးတက်ကောင်းမွန်စေခြင်း (ILO - GIP) စီမံကိန်းနှင့်စပ်လျဉ်းသည့် အခြေခံသတင်းအချက်အလက်များ**

International Labour Organization

## နိဒါန်း

စစ်အုပ်ချုပ်ရေးဖြင့် ဆယ်စုနှစ်အတန်ကြာ အထီးကျန်ဆန်နေခဲ့သည့်အခြေအနေမှ ကင်းလွတ်လာခဲ့ပြီးနောက်၊ယခုအချိန်တွင် မြန်မာနိုင်ငံကို “ဖွံ့ဖြိုးဆဲအာရှဒေသတွင် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နေသည့် ထိပ်တန်း၁၀နိုင်ငံထဲမှ” နိုင်ငံတစ်ခုအနေဖြင့် ရည်ညွှန်းလျက်ရှိပါသည်။ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်၏ခန့်မှန်း တွက်ချက်မှုအရလက်ရှိဖွံ့ဖြိုးတိုးတက်မှု ၇-၈%သည် ၂၀၃၀ ခုနှစ် အထိဆက်လက်တည်ရှိနေမည်ဖြစ်ပြီး၊ လူတစ်ဦးချင်း၏ ပြည်တွင်း အသားတင် ထုတ်ကုန်တန်ဘိုးသည် အမေရိကန်ဒေါ်လာ ၉၀၀မှ အမေရိကန်ဒေါ်လာ၂၉၉၂ နှင့် ၃၆၀၃ အကြား ထိမြင့်တက်လျက် ရှိနေပါသည်။



ပြည်တွင်းရင်းနှီးမြှုပ်နှံသူများနှင့်အတူ နိုင်ငံတကာမှရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုသည်အလျင်အမြန်မြင့်မားလာလျက်ရှိပြီး၊ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်မောင်းနှင်ပေးသည့်အရာ အနေဖြင့် သတ်မှတ်ဖော်ပြကြပါသည်။

မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းသည် နိုင်ငံ၏ပြည်ပ ပို့ကုန်ထုတ်လုပ်မှုကို ဦးဆောင်လျက်ရှိနေပါသည်။ ယင်း၏ ပြည်ပပို့ကုန်တန်ဘိုးသည် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၁၂ သန်းအထိ မြင့်တက်လာခဲ့ပါသည်။ (၂၀၁၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၄၉သန်း ရှိခဲ့ရာမှ) ခန့်မှန်းခြေအားဖြင့် အထည်လုပ်ငန်းတွင် အလုပ်သမားပေါင်း ၃၀၀၀၀၀ခန့်အလုပ်လုပ်ကိုင်လျက်ရှိပြီး၊ ယင်းအနက်မှ၉၀%သည်ငယ်ရွယ်သူအမျိုးသမီးများဖြစ်ကြပါသည်။ ပါဝင်သက်ဆိုင်သူများအားလုံး (စက်ရုံအလုပ်ရုံပိုင်ရှင်များ၊ အလုပ်သမားများနှင့် ၎င်းတို့၏သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ နိုင်ငံတကာမှ ကုန်အမှတ်တံဆိပ်များနှင့် ၎င်းတို့၏ကိုယ်စားလှယ်များ)အနေဖြင့် အထည်ချုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူမှုရှိပြီး၊ ကိုယ်ကျင့်တရားကောင်းမွန်စွာဖြင့် အတူတကွလုပ်ဆောင်နိုင်ကြမည်ဆိုပါက၊ အထည်ချုပ်လုပ်ငန်း၏ ပြည်ပပို့ကုန်တန်ဘိုးသည် ၂၀၂၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈-၁၀ဘီလီယံ အထိမြင့်တက်လာနိုင်သည်ဟု မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA) ကအခိုင်အမာဆိုထားပါသည်။

မြန်မာနိုင်ငံသည် ယင်း၏မကြာသေးမီက အတိတ်သမိုင်းကြောင်းကြောင့်၊ အားလုံးအတွက်စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကတိထားချက်များတည်တံ့စေရန် လိုအပ်သည့်ခိုင်မာသော လုပ်သားဈေးကွက်အုပ်ချုပ်စီမံရေးအတွက်ထိရောက်သည့် ဥပဒေဆိုင်ရာနှင့်အသင်းအဖွဲ့ဆိုင်ရာမူဘောင်ကိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ရဦးမည် ဖြစ်ပါသည်။

## **စီမံကိန်း**

ဤနောက်ခံအနေအထားအပေးမှုတည်ပြီး၊ အိုင်အယ်(လ်)အို (မြန်မာ) သည် အမည်အားဖြင့် *"မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်နှင့် စဉ်ဆက်မပြတ်ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဆက်ဆံရေးများ တိုးတက်ကောင်းမွန်စေခြင်း" (ILO - GIP) ဟူသော ၃နှစ်တာ စီမံကိန်းကိုဖော်ဆောင် ရန် အခွင့်အရေးရရှိခဲ့ပြီး ဖြစ်ပါ သည်။*

## *အဓိကပါဝင်သက်ဆိုင်သူများ*

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လိုအပ်သည့်အချိန်တွင် အခြားသောဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (CTUM)နှင့် ချိတ်ဆက်ထားသည့် မြန်မာနိုင်ငံစက်မှုလုပ်ငန်း အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (IWFM) နှင့်၊ မြန်မာနိုင်ငံစက်မှုလက်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS-TUsF) နှင့် သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းများအပါအဝင်၊ အထည်ချုပ်လုပ်ငန်းနှင့် ပတ်သက်သည့်အဓိက ပါဝင်သက်ဆိုင်သူများနှင့် ပူးပေါင်းလျက်၊ စီမံကိန်းကိုအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းအားဖြင့် ဆက်စပ်ရာပုဂ္ဂလိကအထည်ချုပ် လုပ်ငန်းကဏ္ဍရှိအဓိကဆောင်ရွက်သူများနှင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA) တို့ကိုတန်းတူညီမျှပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်လျက်၊ စီမံကိန်းတွင် ၎င်းတို့ပါဝင် ဆောင်ရွက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းကိုအထည်ချုပ်စက်ရုံ(၂၀)နီးပါးတွင် အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်သည်။ (သတ်မှတ်ဖော်ထုတ်မှုမပြီးသေးပါ)

### ***အုပ်ချုပ်စီမံရေးဆိုင်ရာဖွဲ့စည်းမှုပုံစံ-စီမံကိန်းအကြံပေးကော်မတီ***

စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကို သုံးပွင့်ဆိုင်စီမံကိန်းအကြံပေးကော်မတီ(PAC)က ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းအကြံပေးကော်မတီသည် စီမံကိန်းအားအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး၊ အထွေထွေလမ်းညွှန်မှုနှင့်အကြံပေးမှုများ ဖြည့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ကော်မတီသည် စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်ကာလအတွင်းတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲပြဿနာများကို ဖြေရှင်းရာတွင်ပါဝင်ကူညီ ဆောင်ရွက်သွားမည်ဖြစ်သည်။ကော်မတီ အနေဖြင့်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် တာဝန် ဝတ္တရား(သို့)နေ့စဉ်အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်များကိုဆောင်ရွက်မည်မဟုတ်သော်လည်း၊ ယင်း၏အကြံပေးခြင်းအခန်းကဏ္ဍအပြင် အကောင်အထည်ဖော်ဆောင်မှုအား စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည် သုံးသပ်ခြင်းတို့ဖြစ်သည့် အရေးကြီးသည့်ဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယင်းကော်မတီကိုအထက်တွင် ဖော်ပြထားသည့်အတိုင်း အဓိကပါဝင်သက်ဆိုင်သူများဖြင့်ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။ကော်မတီ၏ အစည်းအဝေးကို အနည်းဆုံး၆လတစ်ကြိမ်ပြုလုပ်သွားမည်ဖြစ်ပါသည်။ ILO - GIPသည် အတွင်းရေးမှူး၏ ဌာနအနေဖြင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# ညွှန်ပြသည့်လုပ်ဆောင်မှုများ

## လုပ်ငန်းဌာနအဆင့်လုပ်ဆောင်မှုများ

လုပ်ငန်းဌာနအဆင့်တွင် စီမံကိန်းသည်တည်ရှိပြီးဖြစ်သော လုပ်ငန်းခွင်ဆက်ဆံရေးဆိုင်ရာအသင်းအဖွဲ့




(အလုပ်သမားရေးရာလုပ်ငန်း ညှိနှိုင်းရေးကော်မတီ-WCC)အားဖြင့် စီမံကိန်းတွင် ပါဝင်သောစက်ရုံ အလုပ်ရုံများတွင် အလုပ်ရှင်များ၊ အလုပ်သမား ကိုယ်စားလှယ်များ နှင့်အတူ တကွလုပ်ဆောင်သွားမည် ဖြစ်သည်။ အလုပ်သမား ရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီများတွင် အငြင်းပွားမှုဖြေရှင်းရေးနှင့် အပြန်အလှန် ဆွေးနွေးပြောဆိုမှုဆိုင်ရာ ဆောင်ရွက်မှု များ လုပ်ဆောင်ရန် ရည်ရွယ်ပါသည်။ သင်တန်းပို့ချခြင်း နှင့် နည်းပြုလမ်းညွှန်မှုဆိုင်ရာ လုပ်ဆောင်မှု များသည် လုပ်ငန်းခွင်ပူးပေါင်း ဆောင်ရွက်မှု / အလုပ်ရှင်အလုပ်သမားနှစ်ဦးနှစ်ဖက် အပြန်အလှန်ဆွေးနွေးပြောဆိုမှု၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ အမျိုးသမီးများ၏ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ပိုင်ခွင့် စွမ်းအား များ ကဲ့သို့သောကိစ္စရပ်များ နှင့်သက်ဆိုင်ပါသည်။ ကနဦးနှင့်တစ်ဦးချင်အလိုက် အခြေခံအကဲဖြတ်ဆန်းစစ်မှု အပေါ် အခြေခံလျက်တစ်ဦးချင်းလုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များ သည် ကျား / မ တန်းတူညီမျှ ရှိမှုနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး နှင့်ကျန်းမာရေးဆိုင်ရာလုပ်ငန်းအစီအစဉ်များအပါအဝင်၊ ဦးတည်ရည်ရွယ်ထားသည့်နယ်ပယ် ဧရိယာများတွင် ကြားဝင်ဆောင်ရွက်ခြင်းများ ပြုလုပ်ရန်အတွက် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီကို လမ်းညွှန်မှုပေးသွား မည်ဖြစ်ပါသည်။

## လုပ်ငန်းကဏ္ဍအဆင့်လုပ်ဆောင်မှုများ

ILO - GIP သည် အဖွဲ့ဝင်များအတွက်လိုအပ်သည့် ဝန်ဆောင်မှုများ ဆောင်ကြဉ်းပေးရန်အတွက် အလုပ် သမား အဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများ ၏စွမ်းဆောင်ရည်ကိုတည်ဆောက်ပေးရန်၊လူမှုမိတ်ဖက်အဖွဲ့အစည်းများအကြား ယုံကြည်မှုမြင့်မား သည့် ဆက်ဆံရေးကို တည်ဆောက်ရန်နှင့်အပြန်အလှန်ဆွေးနွေး ပြောဆိုမှုဆိုင်ရာဖွဲ့စည်းမှုပုံစံများနှင့် အလေ့အကျင့်များ တိုးတက်မြင့်မားရန်၊ ယင်းအဖွဲ့အစည်းများနှင့် အတူတကွဆောင်ရွက် သွားမည်ဖြစ်ပါသည်။ စီမံကိန်း သည် လုပ်ငန်းခွင်ဆက်ဆံရေးနှင့်ပတ်သက်ပြီး၊ အသိအမြင်မြှင့်တင်ခြင်းနှင့် အခြေခံကျွမ်းကျင်မှုစွမ်းရည်များအပါအဝင် အခြေခံကျွမ်းကျင်မှုစွမ်းရည်များအပါအဝင် (စေ့စပ်ညှိနှိုင်းမှုဆိုင်ရာကျွမ်းကျင်မှုစွမ်းရည်၊ နစ်နာမှုများကိုကိုင်တွယ် ဖြေရှင်းခြင်း၊ ညှိနှိုင်းဖျန်ဖြေရေးနှင့်ခုံသမာဓိလုပ်ငန်းစဉ် အားဖြင့် အဖွဲ့ဝင်များအားကိုယ်စားပြုခြင်းနှင့် စုပေါင်းညှိနှိုင်း တောင်းဆိုမှု)၊ အလုပ်သမားအဖွဲ့အစည်းနှင့်အလုပ်ရှင်ကိုယ်စား လှယ်များအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်းဆိုင်ရာ လုပ်ဆောင်မှုများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

တိုးတက်ကောင်းမွန်သော လုပ်ငန်းခွင်ဆက်ဆံရေးအားဖြင့် အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် သင့်လျော်ကောင်းမွန် သော အလုပ်အကိုင်နှင့်စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး၊ သဘောထားအမြင်များကိုဝေမျှခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များကိုချမှတ်တည်ဆောက်ရန်ရည်ရွယ်လျက်၊ မူဝါဒပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများကိုလည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။ အမျိုးသားအဆင့်လုပ်ငန်းဆောင်ရွက်မှုကို သတ်မှတ်ပြဋ္ဌာန်းထားသည့် မူဝါဒများကို အမျိုးသားအဆင့် သုံးပွင့်ဆိုင်အပြန်အလှန် ဆွေးနွေးပြောဆိုခြင်းဆိုင်ရာ ဖိုရမ်သို့တင်ပြသွားမည်ဖြစ်ပါသည်။

## *ကျား / မ တန်းတူညီမျှရှိရေးကို ဦးစားပေးဆောင်ရွက်ခြင်း*

ကျား / မ တန်းတူညီမျှရှိရေးသည် စီမံကိန်းကိုဖော်ဆောင်ရာတွင် ကိစ္စရပ်အားလုံးနှင့် သက်ဆိုင်သည့်မျှော်မှန်းချက်ဖြစ်ပြီး၊ စီမံကိန်း၏လုပ်ဆောင်မှုအားလုံးတွင် ပေါင်းစည်းထည့်သွင်းထားပါသည်။ စီမံကိန်း၏လုပ်ဆောင်မှုအားလုံးတွင် အမျိုးသမီးများ ပါဝင်မှုကိုအားပေး တိုက်တွန်းရန် မျှော်မှန်းပါသည်။

## *စီမံကိန်း၏အစိတ်အပိုင်းများ*

| | |
|---|---|
| အလှူရှင် | - **Swedish International Development Agency; H&M** |
| အတိုကောက် | - **ILO-GIP** |
| စတင်သည့်နေ့ | - ၁၆ ရက်၊ ဇွန်လ ၊ ၂၀၁၆ |
| ကုန်ဆုံးမည့်နေ့ | - ၃၀ ရက်၊ စက်တင်ဘာလ ၊ ၂၀၁၉ |
| ဘတ်ဂျက် | - ဒေါ်လာ ၂. ၁ မီလီယံ |
| မိတ်ဖက်အဖွဲ့အစည်းများ | - အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန<br>- မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (CTUM)<br>- မြန်မာနိုင်ငံစက်မှုလုပ်ငန်း အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (IWFM)<br>- မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS-TUsF) နှင့် သက်ဆိုင်ရာအလုပ်သမား အဖွဲ့အစည်းများအပါအဝင်၊<br>- အထည်ချုပ်လုပ်ငန်းနှင့် ပတ်သက်သည့် အဓိကပါဝင်သက်ဆိုင်သူများ။ |
| စီမံကိန်းဧရိယာ | - ရန်ကုန် ၊မြန်မာ။ |

**သတင်းအချက်အလက်များပိုမိုသိရှိလိုပါက -**

*Ms. Catherine Vaillancourt-Laflamme* **ကက်သရင်းဗယ်လန်ကော့ဒ် လာဖလန်းမ်**

နည်းပညာဆိုင်ရာအကြံပေးအရာရှိ / စီမံကိန်းမန်နေဂျာ

"မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်နှင့် စဉ်ဆက်မပြတ်ရေရှည်တိုးတက်ရေးအတွက် လုပ်ငန်းခွင်ဆက်ဆံရေး များတိုးတက်ကောင်းမွန်စေခြင်း" ဆိုင်ရာစီမံကိန်း
ဆက်သွယ်ရန်လိပ်စာ
အိုင်အယ်(လ်)အို ဆက်သွယ်ညှိနှိုင်းရေးရုံး၊ မြန်မာ
အမှတ် ၁ (က)၊ ကန်ဘဲ့ (သစ္စာလမ်း)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
EMAIL: vaillancourt-laflamm@ilo.org
PHONE +95 1 233 6538, ext. 226 | FAX +95 1 233 658 2226 | MOBILE +95 99 7722 0858